
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
နဂါးသိုက်နန်း

# အောင်မြတ်သာနှင့်နဂါးသိုက်နန်း

"ရွှမ်း ... ရွှမ်း ... ရွှမ်း..."

"အမလေး နာလှချည်ရဲ့ နှိပ်စက်တာတွေ ရပ်ပါတော့"

"နှိပ်စက်တာ ရပ်ချင်ရင် သိုက်တံခါးကို ဖွင့်စမ်း"

"အစ်မတော် မဖွင့်ပေးနဲ့ သေရင်သေပါစေ ဒီပစ္စည်းတွေက နောင်ပွင့်မယ့် ဘုရားအတွက် ရည်စူးထားတာ ငါတို့ ဆိုထားတဲ့ သစ္စာကို မဖောက်နဲ့ "

"ဟဲ့ ဒီကောင်မ စကား တော်တော် များ ပါလား ကဲဟာ ... ကဲဟာ... ရွှမ်း ... ရွှမ်း..."

ကြိမ်နဲ့ ရိုက်သံတွေ အော်ဟစ် ညည်းညူသံတွေက အိပ်တန်းတက်နေတဲ့ ငှက်တွေကိုတောင် လန့်ပျံစေခဲ့သည် ။

"နင်တို့ ခေါင်းမာနိုင်မလား ငါကပဲ ရိုက်နိုင်မလား ကြည့်ရသေးတာပေါ့"

လာဘ ဆိုတဲ့ လူက လွယ်အိတ်ထဲက ချည်မန်းကွင်းကို ထုတ်ကာ သိုက်တံခါး အဝမှာ ပိတ်ထားတဲ့ အမျိုးသမီးငယ် ခေါင်းမှာ စွပ်လိုက်သည် ။

"အား ပူတယ် ပူတယ် လှုပ်လို့ လည်း မရတော့ဘူး အဘိုးကလည်း

ဘယ်ရောက်နေလဲ မသိဘူး"

သိုက်တံခါး နှစ်ချပ် ပွင့်သွားပြီမို့ ကျန်တဲ့ နောက်ဆုံးအချပ်ကို ဖွင့်နိုင်ရင် ဆယ်သက် စားမကုန်တဲ့ ရတနာပစ္စည်းတွေ ရပြီဆိုတဲ့ အတွေးက လူ့လောဘသား တစ်သိုက်ကို ရူးသွပ်စေခဲ့သည် ။

စည်းဝိုင်းထဲက လူက ခြေဖနောင့်ကို တစ်ချက် ပေါက်ကာ လက်စွဲတော်ကြိမ်နဲ့ အဆက်မပြတ် ရိုက်နှက် လေတော့သည် ။

ပွင့်နေတဲ့ သိုက်တံခါး နှစ်ချပ် အနီးမှာ လည်း အရွယ်စုံ ပုံသဏ္ဌာန်စုံ ပြိတ္တာတွေ လဲသူကလဲ မှောက်သူကမှောက် တချို့တွေက ချည်မန်းကွင်းတွေနဲ့ ရစ်ပတ်ခံထိပြီး မလှုပ်မရှားနိုင် ဖြစ်နေတာကို တွေ့ရတယ်။

***